# အစာအဟာရဝန်ဆောင်မှုများ

## အထူးအစာအဟာရကန့်သတ်မှုလိုသည့်ကလေးများအတွက် စီစဉ်ဆောင်ရွက်ရန်ညွှန်ကြားချက်များ

မသန်စွမ်းကျောင်းသားများအတွက်အလှည့်ကျကျွေးသည့် အစားအစာများလိုအပ်ပါကအဟာရဝန်ဆောင်မှုများဌာနမှစီစဉ်ပေးမည်၊ မသန်စွမ်းခြင်းဆိုသည့် သတ်မှတ်ချက်တွင် ဥပမာ-ကိုယ်ခံအားချွတ်ယွင်းခြင်း၊ အစာခြေစနစ်၊ အာရုံကြောဆိုင်ရာ၊ ဝမ်းဗိုက်အစိတ်အပိုင်းများနှင့် အခြားများပြားသည့် အချက်များပါဝင်သည်၊ နွားနို့နှင့် အလားတူ နို့အစားထိုး အစာကို မိဘများတောင်းခံနိုင်သည်၊ ယူအက်ဒီအေမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အဆင့်မီသတ်မှတ်အစာအဟာရကို ဖို့ဝိန်းကော်မြူနတီကျောင်းများမှ အစားထိုး ကျွေးမွေးမည် အကယ်၍ မေတ္တာရပ်ခံ တောင်းဆိုသည့် အစာအဟာရသည် ယူအက်ဒီအေမှ သတ်မှတ်ချက်များနှင့် မကိုက်ညီပါကဆရာဝန်၏ ဆေးညွှန်ကြားစာလိုအပ်သည်၊ အထွေထွေကျန်းမာရေးနှင့် ပတ်သက်၍ (သို့) မသန်စွမ်းမှုများအတွက် နှစ်သက်ရာရွေးချယ်ခြင်းများကိုမူအစားထိုး ပြောင်းလဲပေးမည်မဟုတ်ပါ

## <u>မိဘ၏ တာဝန်</u>

- ကျောင်းမှသူနာပြုထံသို့ပေးရန် ကျောင်းသား၏ မသန်စွမ်းမှုအတွက်လိုအပ်သည့်ကန့်သတ်အဟာရကိုဖော်ပြသည့် ဆရာဝန်၏ ဆေးအညွှန်းစာများနှင့် လက်ခံနိုင်သော စာရွက်စာတမ်းများမှာ-
    - ဖို့ဝိန်းကော်မြူနတီကျောင်းများ အဟာရဝန်ဆောင်မှုများဌာနအတွက် အထူးကန့်သတ်အစာအဟာရလိုအပ်ချက်များရှိသည့် ကျောင်းသား၏အကြောင်းအရာ
    - ဆေးအညွှန်းစာတွင်-ပြည်နယ်၏ လိုင်စင်ရ ကျန်းမာရေးဝန်ဆောင်မှုဝန်ထမ်း၏ လက်မှတ် (ပြည်နယ်ဥပဒေအရ တရားဝင်ခွင့်ပြုချက်ဖြင့်ရေးသော ဆေးအညွှန်းစာများ) ခန္ဓာကိုယ်အရင္ငး၊ စိတ်နှင့်ပတ်သက်သောချွတ်ယွင်းချက်ကြောင့်အဟာရကန့်သတ်ချက်များကို ရှင်းလင်းဖော်ပြချက်၊ လက်ခံသောနေရာထိုင်ခင်းအစီအစဉ်များ၊ မကျွေးရမည့်အစားအစာနှင့် စားသောက်ရန်လိုအပ်သည့်ထောက်ခံအစားထိုးအစားအစာ

- လိုင်စင်ရ အဟာရပညာရှင်မှလိုအပ်သည့်အခါ ဆက်သွယ်ခဲ့သော် ကျောင်းသား၏မသန်စွမ်းမှုနှင့် အဟာရလိုအပ်ချက်များကိုဆွေးနွေးပါ
- ဖို့ဝိန်းကော်မြူနတီကျောင်းများ အဟာရဝန်ဆောင်မှုများဌာန၏ ကာဗိုဟိုက်ဒရိတ် မီနူး (Carbohydrate Menu) (အစာခြေမှုနှင့်ခန္ဓာကိုယ်စွမ်းအင်အတွက် အဓိကလိုအပ်သည့်ပရိုတင်းနှင့်အဆီ၊ ကစီဓာတ်-ကော်ရည်ပါသောအစားအစာများ) စာရင်းကိုတောင်းခံသည့်ဖောင်ပုံစံကိုကျောင်းမှသူနာပြုထံသို့ပေးပါ

## <u>ကျောင်းသူနာပြု၏ တာဝန်</u>

- အထူးကန့်သတ်အစာအဟာရလိုအပ်ချက်ရှိသည့် ကျောင်းသားများအတွက် ဖို့ဝိန်းကော်မြူနတီကျောင်းများ အဟာရဝန်ဆောင်မှုများဌာန၏ ကာဗိုဟိုက်ဒရိတ် မီနူး (Carbohydrate Menu) (အစာခြေမှုနှင့်ခန္ဓာကိုယ်စွမ်းအင်အတွက် အဓိကလိုအပ်သည့် ပရိုတင်းနှင့် အဆီ၊ ကစီဓာတ်-ကော်ရည်ပါသောအစားအစာများ) စာရင်းကိုတောင်းခံသည့်ဖောင်ပုံစံကို မိဘများအားပေးပါ
- ဖောင်ပုံစံများကို မိဘများထံမှတောင်းခံ စုဆောင်းပါ
- ဖို့ဝိန်းကော်မြူနတီကျောင်းများ အဟာရဝန်ဆောင်မှုများဌာန၏ လိုင်စင်ရအဟာရပညာရှင်များနှင့် ကျောင်းမှစားသောက်ခန်းမန်နေဂျာ (Cafeteria Manager) ထံသို့ အထူးအစာအဟာရကန့်သတ်လိုအပ်ချက်ရှိသည့် ကျောင်းသားများ၏ ဆေးအညွှန်းစာမိတ္တူများကိုပေးပို့ပါ
- ဖို့ဝိန်းကော်မြူနတီကျောင်းများ အဟာရဝန်ဆောင်မှုများဌာန၏ ကာဗိုဟိုက်ဒရိတ် မီနူး (Carbohydrate Menu) စာရင်း တောင်းခံသော ဖောင်ပုံစံကို လိုင်စင်ရ အဟာရပညာရှင်များထံသို့ မိတ္တူပေးပို့ပါ

***အဟာရဝန်ဆောင်မှုများ***
***ဤအဖွဲ့အစည်းသည်တူညီသောအခွင့်အရေးကိုပေးသောပံ့ပိုးထောက်ပံ့သူဖြစ်သည်***
3211 W. Ludwig Rd. • Fort Wayne, IN 46818 • Phone: 260.467.2055 • Fax: 260.467.2680

## အဟာရဝန်ဆောင်မှုများဌာန၏ လိုင်စင်ရအဟာရပညာရှင်၏ တာဝန်

- ကျောင်းသားများအတွက် ဆေးအညွှန်းစာများကို အပြန်အလှန်စီစစ်ပါ
- ကျောင်းသား၏ မသန်စွမ်းမှုအတွက်လိုအပ်သောအဟာရများ နှင့် ဖွံ့ဖြိုးတိုးတက်ရေးစောင့်ရှောက်မှုအစီအစဉ်အတွက် မိဘကို ခေါ်ပြီးဆွေးနွေးပါ
- အထူးအစာအဟာရကန့်သတ်လိုအပ်ချက်ရှိသည့်ကျောင်းသား၏ အကြောင်းအရာအချက်အလက်များကို အဟာရဝန်ဆောင်မှု စာရင်းတွင်ထဲ့သွင်းပါ
- လိုအပ်ပါက အလှည့်ကျကျွေးသောအစားအစာ စာရင်းကို ထပ်မံဖြည့်စွက်ပြုပြင်ပါ
- အလှည့်ကျကျွေးသောအစားအစာ စာရင်းကို ကျောင်းမှသူနာပြု နှင့် စားသောက်ခန်းမန်နေဂျာ (Cafeteria Manager) နှင့် မိဘသို့ မိတ္တူပေးပါ

## အစာအဟာရ စီစဉ်ဆောင်ရွက်သည့်စင်တာ၏ တာဝန်

- အလှည့်ကျကျွေးမည့် အစားအစာ စာရင်းကို ပြင်ဆင်ပြီး ကျောင်းသို့ပေးပို့ပါ

## စားသောက်ခန်းမန်နေဂျာ (Cafeteria Manager) ၏တာဝန်

- အကယ်၍ အထူးအစာအဟာရကန့်သတ်လိုအပ်ချက်ရှိကြောင်း ကျောင်းသားတဦးမှတောင်းဆိုလာပြီး ၄င်း၏ အကြောင်းအရာ စာရွက်စာတမ်းများသည် အွန်လိုင်းတွင်မရှိပါက ကျောင်းရုံးခန်းမှဝန်ထမ်း (သို့) ကျောင်းသူနာပြု နှင့် သတင်းအချက်အလက် အပြန်အလှန် ဝေမျှရယူပါ၊ လိုင်စင်ရအဟာရပညာရှင်များ နှင့် နောက်ဆက်တွဲပူးပေါင်းဆောင်ရွက်ပါ
- ထိုကျောင်းသားအတွက် အလှည့်ကျကျွေးမည့် အစားအစာ စာရင်းမိတ္တူကိုရယူ သိမ်းဆည်းထားပါ
- အဟာရဝန်ဆောင်မှုများဌာန လိုင်စင်ရအဟာရပညာရှင်မှ မညွှန်ကြားပါက ကျောင်းသားတဦးအား မည်သည့် အလှည့်ကျကျွေးမည့် အစားအစာများကိုမျှ ကျွေးမွေးပေးမည်မဟုတ်ပါ
- အလှည့်ကျကျွေးမည့် နေ့စဉ် အစားအစာများသည် မှန်ကန်ပြည့်စုံမှုရှိသည်ကို စီစစ်ပါ
    - အကယ်၍ ထိုကျောင်းသားအတွက် မျှော်လင့်ထားသော အလှည့်ကျအစားအစာကိုမရပါက (သို့) သတ်မှတ်အစာစာရင်း မီနူး နှင့် မကိုက်ညီပါက အစာအဟာရ စီစဉ်သည့်စင်တာ နှင့်  အဟာရဝန်ဆောင်မှုများဌာန လိုင်စင်ရအဟာရပညာရှင် အား (မနက်စောစောအစာ စားသည့်အချိန်မတိုင်မီ) လျှင်မြန်စွာ အပြန်အလှန်ဆက်သွယ်ပါ

- အကယ်၍ ထိုကျောင်းသားသည် အထူးအစာအဟာရကန့်သတ်လိုအပ်ချက်ကို ပြုပြင်ထားသည့် အစားအစာကိုလက်ခံစားသောက်ရန် ငြင်းဆိုပါက အဟာရဝန်ဆောင်မှုများဌာန လိုင်စင်ရအဟာရပညာရှင် နှင့် ဆက်သွယ်ပါ

***အဟာရဝန်ဆောင်မှုများ***
***ဤအဖွဲ့အစည်းသည်တူညီသောအခွင့်အရေးကိုပေးသောပံ့ပိုးထောက်ပံ့သူဖြစ်သည်***
3211 W. Ludwig Rd. • Fort Wayne, IN 46818 • Phone: 260.467.2055 • Fax: 260.467.2680